For every child
Health, Education, Equality, Protection
ADVANCE HUMANITY

unicef

သတင်းထုတ်ပြန်ချက်

# ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှကြီးမှူး၍ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ်ကို ရန်ကုန်မြို့တွင်ဆင်နွှဲခြင်း

*ကလေးများအတွက်စွမ်းဆောင်သူအဖြစ်သတ်မှတ်ထားသည့်အနုပညာရှင်များနှင့်အားကစားသမားများ*
*အခွင့်အရေးအပြည့်အဝခံစားမှုမရှိသည့်ကလေးသူငယ်များအားစာအုပ်များ၊ ကစားစရာများဖြန့်ဝေပေးခြင်း*

၂၀၀၅ခုနှစ် နိုဝင်ဘာလ (၁၉) ရက်၊ ရန်ကုန်မြို့။ ။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂညီလာခံသဘောတူစာချုပ်၏ ဆယ့်ခြောက်ကြိမ်မြောက် အထိမ်းအမှတ်ကိုဂုဏ်ပြုသောအားဖြင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) ၏ ကြီးကြပ်မှုဖြင့် ယနေ့ကမ္ဘာ့ကလေးများနေ့ပျော်ပွဲရွှင်ပွဲကို ဆင်နွှဲကျင်းပလိုက်သည်။

ယနေ့ပျော်ပွဲရွှင်ပွဲတွင် အခြေအနေအမျိုးမျိုးမှ ကလေးသူငယ်များသည် မြန်မာနိုင်ငံဆိုင်ရာယူနီဆက်မှကလေးများအတွက်စွမ်းဆောင်သူများအဖြစ် သတ်မှတ်ရွေးချယ်လိုက်သည့် နာမည်ကြီးအနုပညာရှင်များနှင့် အားကစားသမားများအားတွေ့ဆုံခွင့်ကိုရရှိခဲ့ကြသည်။ ၎င်းတို့မှာ တေးသံရှင်ဖြူဖြူကျော်သိမ်း၊ မြန်မာ့လက်ဝှေ့ချန်ပီယံလုံးချော၊ မယ်မြန်မာအိရှူပါဝင်း၊ စာရေးဆရာမဂျူးနှင့် ရုပ်ရှင်မင်းသားလွင်မိုးတို့ဖြစ်ကြသည်။ ပျော်ပွဲရွှင်ပွဲတွင် EXAMPLEX တေးဂီတအဖွဲ့မှသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားကြသည်။

ယူနီဆက်၏ကလေးများအတွက်စွမ်းဆောင်သူများသည် ကလေးများ၏ပညာရေးနှင့် ကျန်းမာရေးရပိုင်ခွင့်များအားပြည်သူများကျယ်ပြန့်စွာသိရှိလာစေရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး လူငယ်လူရွယ်များအား မိမိတို့၏ ဘဝတိုးတက်သာယာမှုအတွက် မိမိတို့ကိုယ်တိုင်လုပ်ဆောင်နိုင်သည့်အချက်များအား ဆက်သွယ်ပညာပေးသွားမည်ဖြစ်သည်။

ကမ္ဘာ့ကလေးများနေ့ပျော်ပွဲရွှင်ပွဲတွင် တေးဂီတအစီအစဉ်များအပြင် ကလေးသူငယ်များအား ကလေးသူငယ်အခွင့်အရေးများအကြောင်းကို ပိုမိုနားလည်သဘောပေါက်စေမည့် ကွန်ပျူတာကစားနည်းများလည်း ထားရှိသည်။ ဆေးရောင်ခြယ်ပုံဆွဲအမျိုးမျိုး၊ ပုံတူရုပ်ပြောင်ဆွဲရန်အမျိုးမျိုး၊ မျက်လှည့်ပြပွဲနှင့် ကလေးများအတွက်လွတ်လပ်စွာဆန္ဒဖော်ထုတ်ရန် ပုံဆွဲနံရံတစ်ခုကိုလည်းထားရှိထားပါသည်။

ကလေးသူငယ်များသည် မြန်မာနိုင်ငံ၏အနာဂါတ်ဖြစ်ကြောင်း၊ သူတို့၏ဘဝသာယာမှုနှင့် စပ်ဆိုင်နေသည့်အရာအားလုံးတွင်သူတို့ပါဝင်ရန်အရေးကြီးကြောင်းနှင့် သူတို့သည်မိမိတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကိုသေချာစွာသဘောပေါက်နားလည်နိုင်မှသာ သာယာသည့်အနာဂါတ်သို့လက်လှမ်းမှီနိုင်မည်ဖြစ်ကြောင်းကို ယူနီဆက်ဌာနေကိုယ်စားလှယ် မစ္စကယ်ရော်လောင်းမှ အကျယ်တဝင့် အဖွင့်မိန့်ခွန်းတွင် မြွက်ကြားသွားပါသည်။

နံနက်ပိုင်းပျော်ပွဲရွှင်ပွဲအပြီးတွင် ကလေးများအတွက်စွမ်းဆောင်သူများသည် ရန်ကုန်မြို့တွင်းရှိမိဘမဲ့ဂေဟာများနှင့်အခြားကလေးသူငယ်ဆိုင်ရာအဖွဲ့များသို့ စာအုပ်များနှင့်ကစားစရာများပါဝင်သည့် လက်ဆောင်သေတ္တာများကိုအသီးသီးဖြန့်ဝေပေးပါသည်။

***************

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂညီလာခံသဘောတူစာချုပ် (CRC) တွင် ကလေးသူငယ်တိုင်းသည်မိမိတို့၏ထင်မြင်ယူဆချက်ကိုလွတ်လပ်စွာထုတ်ဖော်နိုင်ခွင့်ရှိကြောင်း၊ ယင်းတို့အားအလေးထားရမည်ဖြစ်ကြောင်းနှင့်အခွင့်အရေးများကိုနားလည်သဘောပေါက်ခွင့်ရှိကြောင်းတို့ကိုဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် ထိုကုလသမဂ္ဂညီလာခံသဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ်တွင်သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

***************


**ဆက်လက်သိလိုပါက**

ဂျေဆင်ရပ်(ရှ်) Jason Rush <jrush@unicef.org> (သို့မဟုတ်) ဦးဖေတင်သိန်း <pthein@unicef.org>
ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာန၊ယူနီဆက်၊မြန်မာကိုဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်း ၂၁၂ ၀၈၆ ၊ ဖက်စ် ၂၁၂ ၀၆၃

United Nations Children's Fund
6th Floor, Yangon International Hotel
330 Ahlone Road, Dagon Township
Yangon, Myanmar
P.O.Box 1435

Telephone 212086, 212087
212090, 212091
Facsimile 95-1-212063
E-mail: unicef.yangon@unicef.org
www.unicef.org/myanmar